+ ၂၀၀၂
နိုဝင်ဘာလ
၁၃ ရက်

# ပြစ်မှုဆိုင်ရာအထွေထွေမှု

## တရားရုံးချုပ်တရားသူကြီး ဦးမြင့်အောင်၏ရှေ့တွင်

ဦးဆန်းဝင်းပါ ၇
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

**သစ်တောဥပဒေပုဒ်မ ၃၃ (က) အရစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်းမရှိဘဲ မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုသည့် အမှုကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ရန်သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ သစ်တောဥပဒေပုဒ်မ ၃၃ (က) အရ သစ်တောဦးစီးဌာနမှ ချမှတ်သောအမိန့်ကို တိုင်းသစ်တောဦးစီးဌာနက ပယ်ဖျက်၍ တရားခံများပေးဆောင်ခဲ့သည့် ဒဏ်ငွေများကို ပြန်ထုတ်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၇ (ခ) တွင် ပြည်နယ်/တိုင်းသစ်တောအရာရှိသည် မြို့နယ်သစ်တောအရာရှိက ချမှတ်သောအမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ ၃၃ (က) အရသစ်တောအရာရှိက ချမှတ်သောအမိန့်ကို ပုဒ်မ ၃၇ (ခ) အရ တိုင်းသစ်တောအရာရှိက ပယ်ဖျက်ပြီး တရားရုံးသို့ ပုဒ်မ ၄၃ (က) အရအရေးယူပေးရန် တရားစွဲဆိုတင်ပို့ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိ။

**ထပ်မံဆုံးဖြတ်ချက်။** ၁၉၉၈ ခုနှစ်၊ သစ်တောနည်းဥပဒေ ၁၀၀ တွင် သစ်တောဥပဒေပါပြစ်မှုကို အရေးယူခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

---

* ၂၀၀၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၂၈

\+ ၂၀၀၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၈၅၄၊ မဟာအောင်မြေမြို့နယ်တရားရုံး၏ အမှုတွဲအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရချေဖျက်ပေးရန် လျှောက်ထားမှု

နည်းဥပဒေပါပြဋ္ဌာန်းချက်အတိုင်း လိုက်နာခြင်းမပြုရုံမျှဖြင့် အမှုပျက်ပြယ်ရန် အကြောင်းမရှိ။ ထို့အပြင် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၈ ခုနှစ်၊ သစ်တောနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လေ့လာကြည့်ရာ သစ်တောအရာရှိသည် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်မချဘဲ သက်ဆိုင်ရာတရားရုံး၌ တရားစွဲဆိုခြင်းမပြုရဟု တားမြစ်ထားခြင်းမရှိချေ။ ဤအခြေအနေတွင် သစ်တောအရာရှိ၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်မချမှတ်ဘဲ မြို့နယ်တရားရုံး၌ ဦးတိုက်လျှောက်ထားတရားစွဲဆိုခြင်းမှာ မှားယွင်းမှုမရှိသဖြင့် အဆိုပါအမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံး၍ ချေဖျက်ရန်သင့်မည်မဟုတ်ပေ။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးပေါစံ<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားခံများအတွက် | - | ဦးကျော်ငွေ<br>လက်ထောက်ညွှန်ကြားရေးမှူး၊<br>ရှေ့နေချုပ်ရုံး |

မဟာအောင်မြေမြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၈၅၄/၂၀၀၁ တွင်လျှောက်ထားသူ ဆန်းဝင်းပါ (၇) ဦးတို့အပေါ် သစ်တောဥပဒေပုဒ်မ ၄၃ (က) နှင့် ၄၁ (က) တို့အရအရေးယူဆောင်ရွက်လျက်ရှိသောအမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန်လျှောက်ထားသောအမှုဖြစ်သည်။

အမှုမှာ (၁၀-၆-၂၀၀၁) ရက်နေ့ညနေ (၁၅း၀၀) နာရီအချိန်တွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးမျက်ရှင်ကားကြီးဝင်းအတွင်းရှိ ရွှေညသြကားဂိတ်သို့ သတင်းအရ မဟာအောင်မြေမြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးစိုးဦး၊ တောအုပ် ချန်ထွန်း၊ ကားကြီးဝင်းတာဝန်ခံ ဦးထွန်းထွန်းတို့နှင့်အတူ ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ်ခွဲသားများ၊ ထယ်နှစ်သားများ၊ ကြက်ရိုးကျွန်းခေါက်နွယ်တို့ကိုရှာဖွေတွေ့ရှိရသည်။ သစ်ခွဲသားများ၏ပိုင်ရှင်များမှာ ဦးဆန်းဝင်း၊ ဦးကျော်မင်း၊ ဦးစိုးနိုင်၊ ဦးဝင်းမြင့်၊ ဦးမောင်ငယ်၊ ဦးရဲမြင့်နှင့် ဦးခင်မောင်လေး တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၄င်းတို့အပေါ် သစ်တောဥပဒေအရအရေးယူပေးရန် မဟာအောင်မြေမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးတင်ရွှေက တရားလိုပြုလုပ်၍ မဟာအောင်မြေမြို့နယ်တရားရုံး

သို့ ဦးတိုက်လျှောက်ထားစွဲဆိုသောအမှုဖြစ်သည်။

လျှောက်ထားသူတို့၏ရှေ့နေက အခြားအချက်အလက်များအပြင် (၁) တန်ထက်မပိုသည့်ကျွန်းသစ်၊ ကျွန်းမဟုတ်သည့် တားမြစ်သစ်ပင်မှ ထွက်ရှိသည့် (၃) တန်ထက်မပိုသောသစ်၊ တားမြစ်သစ်ပင်မှထွက်ရှိသည့် သစ်မှအပ (၃) တန်ထက်မပိုသောအခြားသစ်များကို ဖမ်းဆီးရရှိပါက သစ်တောဥပဒေပုဒ်မ ၃၃ (က) အရ အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာသစ်တောအရာရှိထံ လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း၊ သစ်တောအရာရှိ၏ စီမံခန့်ခွဲသည့်အမိန့်ကို လိုက်နာခြင်းမရှိသူကိုသာ တရားရုံး၌ တရားစွဲဆိုရမည်ဟု သစ်တောဥပဒေပုဒ်မ ၃၃ (ခ) တွင်ပြဋ္ဌာန်းထားကြောင်း၊ လျှောက်ထားသူတို့သည် စီမံခန့်ခွဲသည့်အမိန့်ကို လိုက်နာခြင်းမရှိဟု ပေါ်ပေါက်မှုမရှိဘဲ တရားရုံးသို့တရားစွဲဆိုခြင်းမှာ မှားယွင်းနေသဖြင့် အမှုကိုချေဖျက်သင့်ကြောင်း တင်ပြလျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်ထားခံရသူတို့ပိုင်သည့် ကျွန်းသစ်ခွဲသားများ၊ ထယ်နှစ်သားများ၊ ကြက်ရိုးကျွန်းခေါက်နွယ်တို့ကို ရှာဖွေတွေ့ရှိရခြင်းမှာ အငြင်းမပွားကြောင်း၊ သစ်တောနည်းဥပဒေ ၁၀၀ တွင် ပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိဘဲ သစ်တောအရာရှိက တရားရုံးသို့ဦးတိုက်လျှောက်ထားတရားစွဲဆိုခြင်းမှာ မှားယွင်းမှုမရှိကြောင်း၊ လျှောက်ထားသူတို့အား စွဲချက်တင်ထားပြီးဖြစ်၍ ဖြေရှင်းရန်တာဝန်ရှိနေကြောင်း၊ သို့ဖြစ်၍ အမှုတွဲချေဖျက်ပေးရန်လျှောက်လွှာကို ပယ်သင့်ကြောင်း တင်ပြလျှောက်လဲသည်။

မူလရုံးအမှုတွဲလေ့လာကြည့်ရာ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးမျက်ရှင်ကားကြီးဝင်းအတွင်းရှိ ရွှေဥသြကားဂိတ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ်ခွဲသားများ၊ ထယ်နှစ်သားများနှင့် ကြက်ရိုးကျွန်းခေါက်နွယ်တို့ကို ရှာဖွေတွေ့ရှိသည်။ ကားဂိတ်ပိုင်ရှင် ဦးလောကိုမေးမြန်းရာ ဦးဆန်းဝင်းပိုင် ကျွန်းခွဲသား ၀. ၇၅၀ တန်၊ ဦးကျော်မင်းပိုင် ကျွန်းခွဲသား ၀. ၄၀၅ တန်၊ ဦးစိုးနိုင်ပိုင် ကျွန်းခွဲသား ၀. ၄၆၀ တန်၊ ဦးဝင်းမြင့်ပိုင် ကျွန်းခွဲသား ၀. ၅၀၂ တန်၊ ဦးမောင်ငယ်ပိုင် ထယ်နှစ်ခွဲသား ၀. ၆၀၀၆ တန်၊ ဦးရဲမြင့်ပိုင် ထယ်နှစ်ခွဲသား ၀. ၇၀၅ တန်၊ ဦးခင်မောင်လေးပိုင် ကြက်ရိုးကျွန်းခေါက်နွယ် ၀. ၈၅ တန်တို့ဖြစ်သည်ဟု သိရှိရကြောင်း၊ တရားခံ ဦးဆန်းဝင်း၊

ဦးကျော်မင်း၊ ဦးစိုးနိုင်နှင့် ဦးဝင်းမြင့်တို့အပေါ် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၄၃ (က) အရလည်းကောင်း၊ ဦးမောင်ငယ်၊ ဦးရဲမြင့်နှင့် ဦးခင်မောင်လေးတို့အပေါ် ယင်းဥပဒေပုဒ်မ ၄၁ (က) အရလည်းကောင်း အသီးသီးစွဲချက်တင်ခဲ့ကြောင်း၊ ယင်းစွဲချက်များကို မန္တလေးတိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က အတည်ပြုထားပြီးဖြစ်ကြောင်း တွေ့ရှိသည်။ ဤကားအမှုတွင် အငြင်းမပွားသောအချက်ဖြစ်သည်။

၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၃ တွင်အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

၃၃ (က) သစ်တောအရာရှိသည် ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(၁) ၁ တန်ထက်မပိုသောကျွန်း သို့မဟုတ် တားမြစ်သစ်ပင်မှထွက်ရှိသည့် ၃ တန်ထက်မပိုသောသစ်များကို ဖမ်းဆီးရမိခြင်းဖြစ်လျှင် ကျပ် ၁၀၀၀၀/- ထက်မပိုသောဒဏ်ကြေးကို ပေးဆောင်စေပြီး၊ သစ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ xx xx

xx xx xx xx xx xx

၃၃ (ခ) ပုဒ်မခွဲ (က) အရချမှတ်သည့်အမိန့်ကို လိုက်နာသူအား ဤဥပဒေအရ တရားစွဲဆိုခြင်းမပြုရ။ လိုက်နာရန် ပျက်ကွက်သူကိုသာ ဤဥပဒေအရ တရားစွဲဆိုရမည်။

လျှောက်ထားသူ ဦးဆန်းဝင်း၊ ဦးကျော်မင်း၊ ဦးစိုးနိုင်နှင့် ဦးဝင်းမြင့်တို့ တစ်ဦးစီပိုင်ဆိုင်သည့် ကျွန်းခွဲသားမှာ (၁) တန်မပြည့်သည့်အပြင် ဦးမောင်ငယ်၊ ဦးရဲမြင့်နှင့် ဦးခင်မောင်လေးတို့၏ တစ်ဦးစီပိုင်အခြားသစ်မှာလည်း (၃) တန်အောက်ဖြစ်နေ၍ သစ်တောဥပဒေပုဒ်မ ၃၃ (က) အရစီမံခန့်ခွဲရေးဆိုင်ရာအမိန့်ချမှတ်ခြင်းမပြုဘဲ မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုရှိ မရှိ စိစစ်ဖို့လိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးဝင်းမြင့်အောင်[၁] အမှုတွင် အောက်ပါအတိုင်း လမ်းညွှန်ထုံးဖွဲ့ထားသည်-

(၁) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ရုံးချုပ်)၊ ၉၅ (စုံညီ)

၂၀၀၂
ဦးဆန်းဝင်း
ပါ ၇
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

" တရားခံ ကိုနီတာ မောင်းနှင်ခဲ့သော ကားအမှတ် ၂ခ/၆၉၇၇ ပေါ်တွင် ကျွန်းသစ်တန်ဝက်ခန့် သယ်ဆောင်လာခြင်းနှင့်စပ်လျဉ်း၍ သစ်တောဌာနမှ ၂၄ မိုင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးပြီးနောက် သစ်တောဥပဒေပုဒ်မ ၃၃ (က) အရ ကျွန်းသစ်ပိုင်ရှင် ကိုကိုလွင်အား ဒဏ်ငွေ ၅၀၀၀ိ/- ပေးဆောင်စေရန်နှင့် ကျွန်းသစ်များအား သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။ ထို့ပြင်ယာဉ်မောင်းသူ ကိုနီတာအား ဒဏ်ငွေ ၁၀၀၀ိ/- ချမှတ်၍ ယာဉ်ကိုပြန်ပေးသည့်အမိန့်ချမှတ်ခဲ့သည်။ တရားခံများကလည်း ဒဏ်ကြေးအသီးသီးပေးဆောင်ကြသည်။

ထိုသို့တရားခံ ကိုကိုလွင်နှင့် ကိုနီတာတို့နှစ်ဦးအပေါ် သစ်တောဥပဒေပုဒ်မ ၃၃ (က) အရသစ်တောဦးစီးဌာနမှ ချမှတ်သောအမိန့်ကို တိုင်းသစ်တောဦးစီးဌာနက ပယ်ဖျက်၍ တရားခံများပေးဆောင်ခဲ့သည့် ဒဏ်ငွေများကို ပြန်ထုတ်ပေးခဲ့သည်။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၃၇ (ခ) တွင်ပြည်နယ်/တိုင်းသစ်တောအရာရှိသည် မြို့နယ်သစ်တောအရာရှိက ချမှတ်သောအမိန့်၊ သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသဖြင့် ပုဒ်မ ၃၃ (က) အရ သစ်တောအရာရှိက ချမှတ်သောအမိန့်ကို ပုဒ်မ ၃၇ (ခ) အရ တိုင်းသစ်တောအရာရှိက ပယ်ဖျက်ပြီး တရားရုံးသို့ ပုဒ်မ ၄၁ (က) အရအရေးယူပေးရန် တရားစွဲဆိုတင်ပို့ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိ။ "

အထက်ဖော်ပြပါ လမ်းညွှန်စီရင်ထုံးအရဆိုလျှင် သစ်တောအရာရှိ၏ သစ်တောဥပဒေပုဒ်မ ၄၃ (က) အရချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်မရှိသော်လည်း တရားရုံးသို့ တိုက်ရိုက်အရေးယူဆောင်ရွက်ပေးရန် လျှောက်ထားခွင့်ရှိကြောင်း တွေ့ရှိရပေသည်။ ၁၉၉၈ ခုနှစ်၊ သစ်တောနည်းဥပဒေ ၁၀၀ တွင် သစ်တောဥပဒေပါ ပြစ်မှုကိုအရေးယူခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းကို ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ နည်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာခြင်းမပြုရုံမျှဖြင့် အမှုပျက်ပြယ်ရန် အကြောင်းမရှိ။ ထို့ပြင် ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေနှင့် ၁၉၉၈ ခုနှစ်၊ သစ်တောနည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လေ့လာကြည့်ရာ သစ်တောအရာရှိသည် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်မချဘဲ သက်ဆိုင်ရာ

၂၀၀၂
ဦးဆန်းဝင်း
ပါ ၄
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ယရားရုံး၌ တရားစွဲဆိုခြင်း မပြုရဟု တားမြစ်ထားခြင်းမရှိချေ။ ဤအခြေအနေတွင် သစ်တောအရာရှိ၏ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်မချဘဲ မြို့နယ်တရားရုံး၌ ဦးတိုက်လျှောက်ထား တရားစွဲဆိုခြင်းမှာ မှားယွင်းမှုမရှိသဖြင့် အဆိုပါ အမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလဘူတအာဏာကိုကျင့်သုံး၍ ချေဖျက်ရန်သင့်မည် မဟုတ်ပေ။

ထို့ကြောင့်လျှောက်ထားသူတို့၏ မဟာအောင်မြေမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၈၅၄/၂၀၀၁ အမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်လွှာကိုပယ်သည်။